**JUSTICE FOR MYANMAR**

# သတင်းထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ်၊ မတ်လ ၈ ရက် | မြန်မာ**

## ဥပဒေကြောင်းအရ တင်ပြခဲ့ပြီးနောက် ရေချယ်တေဇကို အမြန်ဆုံး အရေးယူရန် အီတလီအား JFM တောင်းဆို

ရေချယ်တေဇ (ခေါ်) ထူးထွေးတေဇသည် အီးယူက ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ထားသည့် ထူးကုမ္ပဏီအုပ်စုဝင် ကုမ္ပဏီများတွင် ဒါရိုက်တာနှင့် ရှယ်ယာရှင်အဖြစ် ပါဝင်နေမှုအပေါ် စုံစမ်းစစ်ဆေးရန်၊ လိုအပ်သလို ပိုင်ဆိုင်ပစ္စည်းများကို ထိမ်းသိမ်းထားရန်နှင့် ၎င်းအား အီတလီနိုင်ငံမှ ပြောင်းရွှေ့ဖယ်ရှားရန်တို့အတွက် ပြင်သစ်ရှေ့နေများဖြစ်ကြသည့် William Bourdon နှင့် Lily Ravon တို့သည် Justice For Myanmar အား ကိုယ်စားပြု၍ အီတလီအာဏာပိုင်များထံ ၂၀၂၄ ခုနှစ်၊ မတ်လ ၄ ရက်နေ့တွင် သတင်းပေးတိုင်ကြားခဲ့ပါသည်။

ရေချယ်တေဇသည် အီတလီနိုင်ငံတွင် ဆက်လက်နေထိုင်လျက်ရှိပြီး၊ အီးယူက ဒဏ်ခတ်ပိတ်ဆို့မှု ချမှတ်ထားသော ၎င်း၏မိသားစုပိုင် ခရိုနီစီးပွားရေး လုပ်ငန်းစုကြီးဖြစ်သည့် ထူးကုမ္ပဏီအုပ်စုအတွက် စီးပွားရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက် ရှိသည်။

ထူးကုမ္ပဏီအုပ်စုသည် မြန်မာစစ်အုပ်စုအတွက် ဘဏ္ဍာငွေ၊ စစ်လက်နက်နှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လျက်ရှိပြီး၊ လူမျိုးတုန်းသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအားအားပေးကူညီလျက်ရှိသည့် စစ်တပ်၏ နိုင်ငံတကာစီးပွားရေးကွန်ရက်တွင် အရေးပါသည့် ဆက်ထုံးကုမ္ပဏီတစ်ခုလည်း ဖြစ်သည်။ ထိုသို့ ကြားခံဆက်ထုံး ဆောင်ရွက်မှုများကို မြန်မာနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့ရှိ ဓာတ်သတ္တုတူးဖော်ထုတ်ယူရေး ကဏ္ဍအပါအဝင် စီးပွားရေး နယ်ပယ်ကဏ္ဍအသီးသီးရှိ ကုမ္ပဏီလုပ်ငန်းပေါင်း ၆၀ ကျော်သည့် ၎င်းတို့၏ ကွန်ရက်မှတဆင့် ဆောင်ရွက်ခြင်း ဖြစ်သည်။

ထူးကုမ္ပဏီအုပ်စုအား အမေရိကန်ပြည်ထောင်စု၊ ယူကေနှင့် ကနေဒါနိုင်ငံတို့ကလည်း ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ထားသည်။

အီးယူသည် ဒဏ်ခတ်ပိတ်ဆို့မှု ချမှတ်ရခြင်း အကြောင်းအရင်းများအား ဖော်ပြရာတွင် "ထူးကုမ္ပဏီများအုပ်စုသည် နိုင်ငံတဝန်းလုံး အထူးသဖြင့် လူနည်းစုလူမျိုးစုဒေသများမှ ဖေဖော်ဝါရီ ၁ ရက်နေ့ စစ်အာဏာသိမ်းမှုအပေါ် ဆန့်ကျင်ခဲ့ကြသည့် အရပ်သားပြည်သူများအပေါ် အသုံးပြုခဲ့သည့် စစ်ဘက်ဆိုင်ရာပစ္စည်းများ ထောက်ပံ့ဖြည့်တင်းပေးခဲ့မှုများတွင် ကြားခံပွဲစားအဖြစ် ဆောင်ရွက်ခဲ့သည်" ဟု မှတ်ချက်ပြုခဲ့သည်။

William Bourdon နှင့် Lily Ravon တို့သည် ရေချယ်တေဇ အသုံးပြုသည့် Banca Nazionale del Lavoro ဘဏ် သို့လည်း အီးယူဒဏ်ခတ်ပိတ်ဆို့မှုများနှင့်အညီ အရေးယူဆောင်ရွက်ပေးရန် အမှုတွဲဖိုင်တစ်ခု တင်သွင်းခဲ့သည်။ ယင်းဘဏ်ကို BNP Paribas က ပိုင်ဆိုင်သည်။

ရေချယ်တေဇသည် မီလန်မြို့တွင် နေထိုင်လျက်ရှိပြီး၊ မကြာသေးမီကမှ ယင်းမြို့ရှိ ဖက်ရှင်သင်တန်းကျောင်းမှ ကျောင်းပြီးခဲ့ခြင်းဖြစ်ကြောင်း၊ ထူးကုမ္ပဏီများအုပ်စုမှ အမြတ်အစွန်းများဖြင့် ကျောင်းတက်ရာတွင် ထောက်ပံ့ခဲ့ခြင်း ဖြစ်ကြောင်း Justice For Myanmar ၏ စုံစမ်းလေ့လာမှုအရ သိရသည်။

ရေချယ်သည် အီတလီတွင်ရှိစဉ်တလျှောက် စစ်တပ်၏ အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်းတွင်မှ တည်ထောင် ခဲ့သည့် ကုမ္ပဏီအသစ်များနှင့် မြန်မာစစ်တပ်နှင့် တိုက်ရိုက်စီးပွားရေးလုပ်ငန်းများရှိသည့် ကုမ္ပဏီများအပါအဝင် အနည်းဆုံး ထူးအုပ်စု ကုမ္ပဏီ ၇ ခုတွင် ဒါရိုက်တာအဖြစ် ဆောင်ရွက်လျက်ရှိပြီး၊ ရှယ်ယာများလည်း ဆက်လက် ပိုင်ဆိုင်ထားသည်။

ယင်းတွင် အီးယူဒဏ်ခတ်ပိတ်ဆို့မှု ချမှတ်ခံထားရသည့် မြန်မာစစ်တပ်၏ စစ်ထောက်ချုပ်ရုံးနှင့် တည်ဆောက်-လုပ် ကိုင်-လွှဲပြောင်း (ဘီအိုတီ) သဘောတူစာချုပ်ဖြင့် လုပ်ကိုင်သော Ayeyarwaddy Resorts and Lodges Company Limited လည်းပါဝင်သည်။ ၎င်းတို့၏ စီမံကိန်းများမှတစ်ခုသည် ရန်ကုန်ရှိ မြေဧရိယာ ၂၂ ဧကပေါ်တွင် ဆောင်ရွက်သော စီးပွားရေးဆိုင်ရာစီမံကိန်းဖြစ်ပြီး၊ ယင်းစီမံကိန်းသည် နှစ် ၅၀ လုပ်ကိုင်ခွင့်စာချုပ်အရ နှစ်စဉ် အမေရိကန်ဒေါ်လာ ၁.၆၅ သန်းနီးပါး စစ်တပ်အား ပေးချေရကြောင်း Distributed Denial of Secrets (DDoS) က ထုတ်ပြန်ခဲ့သည့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင် အချက်အလက်များအရ သိရသည်။

ရေချယ်က အီတလီနိုင်ငံမှနေ၍ ရှယ်ယာပိုင်ဆိုင်ထားပြီး၊ ဒါရိုက်တာအဖြစ်ဆောင်ရွက်နေသည့် အခြားကုမ္ပဏီ များမှာ Htoo Capital ကုမ္ပဏီလီမိတက်၏ ကုမ္ပဏီခွဲ Pegu Wood Company Limited နှင့် Htoo Tech Company Limited ၏ ကုမ္ပဏီခွဲ One Fibre Company Limited တို့ ဖြစ်သည်။ ယင်းကုမ္ပဏီနှစ်ခုလုံးသည် စစ်တပ်၏ တရားမဝင် အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်းတွင် တည်ထောင်ခဲ့ခြင်း ဖြစ်သည်။

ရေချယ်သည် ယခုအခါ ဖျက်သိမ်းခဲ့ပြီးဖြစ်သည့် Myanmar Avia Export Company Limited တွင် ဒါရိုက်တာနှင့် ရှယ်ယာရှင်တစ်ဦး ဖြစ်ခဲ့သည်။ ယင်းကုမ္ပဏီသည် မြန်မာစစ်တပ်အတွက် ရုရှားစစ်လေယာဉ်များနှင့် အပိုပစ္စည်းများ တင်သွင်းထောက်ပံ့သည့် စစ်လက်နက်ပွဲစား ကုမ္ပဏီတစ်ခု ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုက ရေချယ်အား ထူးကုမ္ပဏီအုပ်စုတွင် ၎င်း၏ အခန်းကဏ္ဍနှင့် ထူးကုမ္ပဏီအုပ်စု၏ ဥက္ကဋ္ဌဖြစ်သူ တေဇ၏ အရွယ်ရောက်သမီးဖြစ်မှုတို့ဖြင့် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ဒဏ်ခတ်ပိတ်ဆို့ မှုများ ချမှတ်ခဲ့သည်။ တေဇအား အီးယူ၊ အမေရိကန်ပြည်ထောင်စု၊ ယူကေနှင့် ကနေဒါနိုင်ငံတို့က ဒဏ်ခတ်

ပိတ်ဆို့မှုများ ချမှတ်ထားသည်။ ရေချယ်၏ အစ်ကိုများဖြစ်ကြသည့် ပြည့်ဖြိုးတေဇနှင့် ထူးထက်တေဇတို့အားလည်း အမေရိကန်ပြည်ထောင်စု၊ ယူကေနှင့် ကနေဒါနိုင်ငံတို့က ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ထားသည်။

ထူးအုပ်စုသည် စစ်လက်နက်များ ရောင်းချပေးအပ်မှုများအပြင် စစ်တပ်အတွက် ရိုဟင်ဂျာလူမျိုးတုန်းသတ်ဖြတ်မှု စစ်ဆင်ရေးအား အားပေးထောက်ခံကူညီသည့်အနေဖြင့် ၂၀၁၇ ခုနှစ်တွင် ဘဏ္ဍာငွေများ လှူဒါန်းခဲ့သည်။ ယင်းအချက်ကို ထူးစီးပွားရေးလုပ်ငန်းစုကြီးအပေါ် အီးယူက ဒဏ်ခတ်ပိတ်ဆို့မှုချမှတ်ရာတွင် မှတ်ချက်ပြု ဖော်ပြခဲ့သည်။

အီးယူအနေဖြင့် ရေချယ်တေဇအပါအဝင် ကုမ္ပဏီများ၊ လူပုဂ္ဂိုလ်များနှင့် စုဖွဲ့ထားသည့် ထူးအုပ်စုကွန်ရက် တစ်ခုလုံး အပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ရန်၊ အလားတူ မြန်မာစစ်အုပ်စု ခရိုနီများနှင့် စစ်လက်နက်ပွဲစားအားလုံးအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ရန် Justice For Myanmar က တောင်းဆိုပါသည်။

**Justice For Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** "အီတလီအာဏာပိုင်တွေအနေနဲ့ ဒဏ်ခတ်ပိတ်ဆို့မှုတွေကို အသက်ဝင်လည်ပတ်အောင် ကြပ်မတ်ဆောင်ရွက်မှု အားနည်းတာတွေက ရေချယ်တေဇကို တရားမဝင်၊ ဥပဒေနဲ့မညီတဲ့ စစ်အုပ်စုအတွက် ဘဏ္ဍာငွေပေးအပ်တဲ့ စီးပွားရေးလုပ်ငန်းတွေကို အီတလီနိုင်ငံကနေ လုပ်ဆောင်နိုင်ဖို့ ခွင့်ပြုပေးခဲ့တာပဲ ဖြစ်ပါတယ်။

ရေချယ်တေဇနဲ့ ၎င်းရဲ့မိသားစုတွေဟာ မြန်မာစစ်တပ်ရဲ့ အဆုံးအစမဲ့ စစ်ရာဇဝတ်မှုတွေနဲ့ လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုတွေကို ထူးကုမ္ပဏီအုပ်စုမှတဆင့် အားပေးကူညီခဲ့ပြီး၊ မြန်မာပြည်သူလူထု အသက်သွေးချွေးတွေပေါ်ကနေ အကျိုးအမြတ်တွေ ရရှိခဲ့ကြပါတယ်။

ရေချယ်တေဇကို အီးယူဒဏ်ခတ်ပိတ်ဆို့မှုတွေနဲ့အညီ တရားဥပဒေရှေ့မှောက်မှာ တာဝန်ခံစေသင့်ပါတယ်။ အီတလီနိုင်ငံအနေနဲ့ ၎င်းအပါအဝင် အခြားမည်သည့်မြန်မာခရိုနီကိုမှ ၎င်းတို့ရဲ့ သွေးစွန်းစီးပွားရေးလုပ်ငန်းတွေကို အီတလီမြေပေါ်ကနေ မလုပ်ဆောင်နိုင်စေရေး ကြိုးကြပ်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

အီးယူအပါအဝင် အခြားအစိုးရတွေအနေနဲ့ ကုမ္ပဏီကွန်ရက်တစ်ခုလုံးကို လွှမ်းခြုံနိုင်တဲ့ ပိုမိုအားကောင်းပြီး၊ မဟာဗျူဟာကျကျ ညှိနှိုင်းဆောင်ရွက်ချမှတ်တဲ့ ဒဏ်ခတ်ပိတ်ဆို့မှုတွေနဲ့ အားကောင်းခိုင်မာတဲ့ အရေးယူဆောင်ရွက်မှုတွေကတဆင့် စစ်အုပ်စုရဲ့ ဘဏ္ဍာငွေ၊ စစ်လက်နက် ရရှိနေမှုတွေကို ပိတ်ဆို့နိုင်ရေး ပိုမိုလုပ်ဆောင်ဖို့ လိုအပ်နေပါတယ်။

မြန်မာပြည်သူလူထုတွေဟာ စစ်တပ်ရဲ့ ကျရှုံးနေပြီဖြစ်တဲ့ အာဏာသိမ်းကြိုးပမ်းမှုကို သတ္တိပြောင်မြောက်စွာနဲ့ သုံးနှစ်ကျော်တိုင် ခုခံတောင်လှန်နေကြဆဲ ဖြစ်ပါတယ်။

အီတလီနဲ့ အီးယူတို့အနေနဲ့ လူ့အခွင့်အရေးကို လေးစားတန်ဖိုးထားပြီး၊ တရားမျှတမှုနဲ့ တာဝန်ခံမှုကို အာမခံပြီး အားလုံးပါဝင်နိုင်တဲ့ မြန်မာနိုင်ငံသစ်တည်ဆောက်ရေး ကြိုးပမ်းဆောင်ရွက်နေတဲ့ မြန်မာပြည်သူလူထုနဲ့အတူ ရပ်တည်ရမှာ ဖြစ်ပါတယ်”ဟု ပြောကြားခဲ့ပါသည်။

## ပိုမိုသိရှိရန်

အီတလီအာဏာပိုင်များထံ ဥပဒေကြောင်းဆိုင်ရာတိုင်ကြားချက်ကို ယခုနေရာတွင် ဖတ်ရှုပါ။
Banca Nazionale del Lavoro နှင့် BNP Paribas တို့ထံ ဥပဒေကြောင်းဆိုင်ရာ တိုင်းကြားချက်ကို ယခုနေရာတွင် ဖတ်ရှုပါ။
ထူးကုမ္ပဏီအုပ်စုအကြောင်း ကျွန်ုပ်တို့၏ စုံစမ်းလေ့လာမှုကို ယခုနေရာတွင် ဖတ်ရှုပါ။

Justice For Myanmar သည် မြန်မာနိုင်ငံပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိရေး လှုပ်ရှားမှုကို လုံ့ဆော်နေသည့် လျှို့ဝှက်တက်ကြွလှုပ်ရှားသူအုပ်စုဖြစ်ပြီး စစ်ဘက်ဆိုင်ရာစီးပွားရေးကို ရပ်တန့်ရန်နှင့် ဖက်ဒရယ်ဒီမိုကရေစီနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် တောင်းဆိုထားသည်။

**Justice For Myanmar** | media@justiceformyanmar.org
https://www.justiceformyanmar.org/ | Mirror:
https://justiceformyanmar.github.io/justiceformyanmar.org/
https://twitter.com/justicemyanmar | https://www.facebook.com/justiceformyanmar.org/